နိုင်ငံအတွင်း ယာဉ်မတော်တဆမှုများဖြစ်ပွားရာတွင် မော်တော်ဆိုင်ကယ်များကြောင့် ဖြစ်ပွားသည့် ယာဉ်မတော်တဆမှုနှင့် သေဆုံးမှုများမှာ စုစုပေါင်းယာဉ်မတော်တဆမှုနှင့် သေဆုံးမှုများ၏ ထက်ဝက်ခန့်ရှိနေပါသည်။ မော်တော်ဆိုင်ကယ်တိုက်မှုကြောင့် သေဆုံး/ဒဏ်ရာရမှုကို လျှော့ချကာကွယ်ပေးနိုင်ရေးအတွက် မော်တော်ဆိုင်ကယ် မောင်းနှင်၊ စီးနင်းသူများအတွက် တစ်ခုတည်းသော အကာအကွယ်ဖြစ်သည့် မော်တော်ဆိုင်ကယ်စီးဦးထုပ်ကိုအသုံးပြုကြရာတွင် အသက်အန္တရာယ် အကာအကွယ်ပေးနိုင်သည့် အရည်အသွေးပြည့်မီသည့် ဆိုင်ကယ်စီးဦးထုပ်များအသုံးပြုရေးနှင့် ပြည်သူများနားလည်လက်ခံပြီး အသုံးပြုကြစေရေးတို့အတွက်ရည်ရွယ်သည့်UNECE Regulation no.22 (Safety Helmets)အကောင်အထည်ဖော်ရေး ညှိနှိုင်းဆွေးနွေးပွဲတစ်ရပ်အား အမျိုးသားယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၊ စီမံခန့်ခွဲရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ဦးဆောင်၍ (၁၅.၆.၂၀၂၀) ရက်နေ့၊ နံနက် (၉:၃၀) အချိန်၌ ရုံးအမှတ်(၅)၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ အမျိုးသားယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၊ စီမံခန့်ခွဲရေးဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး စီပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် စီပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တို့အပါအဝင် ကုန်သွယ်ရေးဦးစီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ရဲမှူးချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်းများ စုစုပေါင်း(၁၄) ဦး တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေး၌ အမျိုးသားယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်း ရှင်းရေး ကောင်စီ၊ စီမံခန့်ခွဲရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် က အမျိုးသားယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ ၂၀၂၀ ခုနှစ်အတွင်း ယာဉ်တိုက်မှုကြောင့် သေဆုံး၊ ဒဏ်ရာရနှုန်းများ လျော့နည်းကျဆင်းစေရေးရည်မှန်းချက်၊ အချိန်တိုအတွင်း ဦးစားပေးအကောင်အထည်ဖော်ရမည့်အစီအမံ(၅)ရပ်၊ နိုင်ငံအတွင်းဖြစ်ပေါ်နေသည့် ဆိုင်ကယ်စီးဦးထုပ်ဆောင်း၍ မောင်းနှင်ခြင်းထက် ဦးထုပ်ကိုမဆောင်း၍ မောင်းနှင်ခြင်းကြောင့် သေဆုံး၊ ဒဏ်ရာရမှုနှုန်းများ ၊ UNECE Regulation no.22 (Safety Helmets) လက်တွေ့ကျင့်သုံးရေးဆောင်ရွက်ချက်များ၊ လက်တွေ့ကျင့်သုံးရာတွင် အဓိကအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည့် အစိုးရဌာနအဖွဲ့အစည်းများ၏ အခန်းကဏ္ဍများ၊ ပြည်သူများမှ မဖြစ်မနေလိုက်နာစေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၌ ပြဋ္ဌာန်းမှုများ အစရှိသည်တို့ကို ရှင်းလင်းဆွေးနွေးမှာကြားပါသည်။

ထို့နောက် အမျိုးသားယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၊ စီမံခန့်ခွဲရေး ဆပ်ကော်မတီ အတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန က ဆိုင်ကယ်မောင်းနှင်စီးနင်းသူများ၏ ဦးခေါင်းပြင်းထန်ထိခိုက်၊ အသက်သေဆုံးမှုအန္တရာယ်မှ အကာအကွယ်ပေးနိုင်မည့် UNECE Regulation no.22 (Safety Helmets) အား နိုင်ငံအတွင်း တိုက်ရိုက်ကိုးကားကျင့်သုံးရခြင်း ရည်ရွယ်ချက်၊ စတင်ဖြစ်ပေါ်လာပုံတို့အပါအဝင် လက်တွေ့အကောင် အထည်ဖော်ဆောင်ရွက်နေမှုများအားလည်းကောင်း၊ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ အကြီးအကဲ များကလည်း သက်ဆိုင်ရာဌာန ရှုထောင့်ကဏ္ဍများအလိုက်လည်းကောင်း အသီးသီးရှင်းလင်း ဆွေးနွေးခဲ့ကြပြီး UNECE Regulation no.22 (Safety Helmets) တိုက်ရိုက်ကျင့်သုံးခြင်းနှင့် စပ်လျဉ်း၍ လက်တွေ့အသုံးပြုနိုင်စေရေး အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ အား ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။